# နှင်းဝေဝေမြိုင်

နွေဝင်ရင်ခွင်



N A Y W I N A U N G ·

# ဂန္တဝင်ရင်ခွင်

# နှင်းဝေငြိမ်း

## အပိုင်း(၁)

## အခန်း(၁)

သူသည် ရဲဝံ့သော အသွင်ကိုဆောင်၍ မြို့ပတ်လမ်းကွေ့အတိုင်း လမ်းလျှောက်လာပြီး… “စောယုနွယ်”အိမ်ရှေ့တွင် သေသပ်လှပစွာ ရပ်တန့်လိုက်လေ၏။

နံနက်ဦးမို့ ဆောင်း၏ နှင်းများက နေရာယူဆဲပင်။ သူရောက်ရှိနေသော အချိန်ကာလသည် အလင်းရောင် မပီပိုးတဝါးသာရှိနေပြီး… မြို့ပတ်လမ်းထိပ်မှ လက်ဖက်ရည်ဆိုင်နှင့်လမ်းချိုးကွေ့ မှ အကြော်တဲတို့ဆီမှာ လူ သိပ်မစည်ကားသေးပေ။ သူဖြတ်လျှောက်လာစဉ် လက်ဖက်ရည်ဆိုင် လှည့်ကြည့်မိသေး၏။ ဆိုင်ထဲမှာ သူ့ကို နှုတ်ဆက်လောက်သည့် လူများမရောက်သေးဘဲ၊ အရှေ့ ဘက်ခြမ်းကူးမည့် အလုပ်သမားတွေသာ လက်ဖက်ရည်သောက်၊ မုန့်ဟင်းခါးစားနေကြလေ၏။ အကယ်၍ များ… သူ့ မိတ်ဆွေများက ဆိုင်ထဲမှာ ရှိနေပါက သူ့ကို အခုတ်တရ လှမ်းခေါ်မှာ မလွဲမသွေ။

“ဗျို့… ကိုကျော်ခေါင်၊ လာလေဗျာ… စောစော စီးစီး အပြင်ထွက်ပြီလား… လာစမ်း ပါဗျာ၊ ကော်ဖီပူပူလေး သုံးဆောင်သွားပါ”

“ကျွန်တော်တို့ ညှော့ခံပါရစေဗျာ”

“ကိုကျော်ခေါင် ဒီလိုပဲ နေတော့မှာလား… အိမ်ထောင်ပြုလေဗျာ၊ ပြော… ပြော… ဒီမြို့မှာ ဘယ်အမျိုးသမီး လိုချင်လဲ… လက်ညှိုးထိုးလိုက်၊ ကျွန်တော်တို့ရှာပြီး ခင်ဗျားဆီခေါ်လာ ခဲ့မယ်”

“ခင်ဗျားက နုတုန်း ချောတုန်နော… ဒီမြို့က မိန်းမတွေက ဟဲ… ဟဲ”

ထို ဟဲ… ဟဲ… ဆိုသည့် ရယ်သံနောက်တွင်မတော့ ဦးကျော်ခေါင်ဆိုသော သူသည် ရှက်ရှက်နှင့် “ခင်ဗျားတို့ကလဲဗျာ၊ ခင်ဗျားတို့ကလဲဗျာ”ဆိုတာကို ထပ်ခါတလဲလဲ ရေရွတ်၍ သူ့မိတ် ဆွေများ အလယ်၌ လူပျိုပေါက်ကလေး ရှက်နည်းနှင့် ရှက်မဆုံးဖြစ်နေစမြဲ။

“ကိုကျော်ခေါင်၊ အရွယ်ကောင်းတုန်း အိမ်ထောင်ပြုဖို့ ကောင်းတယ်”

“ခင်ဗျား ပစ္စည်းတွေက အများကြီး၊ ဘယ်သူ အမွေဆက်ခံမှာလဲ…”

“ဒီအရွယ်ရောက်မှတော့ လှလှပပ မိန်းမပဲရှာယူ၊ ဘယ်သူဘာပြောပြော လှလှပပလေးက တစ်ရေးနိုးထကြည့်လဲ ကြည့်ကောင်းတယ်၊ ကိုယ်က တင်တောင်းရမှာပဲဗျ၊ ဘယ်မိန်းမက ငြင်းမှာ လဲ…”

“ငြင်းချင်ငြင်း ကိုကျော်ခေါင်ကသာ ငြင်းမှာဗျို့…”

ထိုအခါမျိုး၌ သူသည် စီးနေကျ ချက်ပလက်ကားကြီးအား လမ်းငယ်ကလေးထဲမှာ မရမက ပြန်ကွေ့၍ သူဆက်သွားရမည့် ဆန်စက်ဘက်သို့ မသွားတော့ဘဲ အိမ်သို့သာ ကမန်းကတန်းပြန် လာပြီး မှန်ရှေ့သို့ အပြေးအလွှား သွားရပ်ကြည့်လေသည်။

သူ့ကို သူတို့မြို့က လူများက ချစ်ခင်ကြသော်လည်း ဤမျှလောက် အညွှန်းတွေ ထပ်လာ လျှင်တော့ သူ့ကိုယ်သူ ပြန်သုံးသပ်လေ့ရှိသည်။ သူတို့က သူ့အပေါ် တစ်ဖက်သတ် ဆန်ဆန် ဖားယားပြောကြလေရော့သလား။ ဒါမှမဟုတ် သူ့ကို တမင်ပဲ မြှောက်ပင့်လိုက်တာများလား။ ဒါမှ မဟုတ် သူ့ရုပ်ရည် အရွယ်ကျနေတာကို ဆန့်ကျင်ဘက်ကနေ သရော်လိုက်လေရော့သလော. . . စသည်ဖြင့် သံသယတွေနှင့် သူ့ကိုယ်သူ လေ့လာ အကဲခတ်ရပြန်သည်။

ထိုအခါ မှန်ထဲ၌ ဦးကျော်ခေါင် ဆိုသော ယောကျ်ား တစ်ယောက်သည်

ကျကျနန ဖြီးသင် ထားသော ဘေးခွဲဘိုကေဆံပင်အောက်မှ သူ့မျက်နှာကို တဂကြီးကြည့်မြင့်ရလေ၏။ သူသည် နှာတံပေါ်၍ မျက်ခုံးကောင်းပြီး နှုတ်ခမ်းများက ကကြီးပြေပြေလေးလို ပုံကျပန်းကျ ရှိနေသည့် အပြင် အသားအရေကလည်း တင်းတင်းရင်းရင်း မျက်လုံးမျက်ဖန်များကလည်း အရောင်လက်ဆဲ။ သူ့အသားအရေမှာ ညိုသော်လည်း မမည်းပေ။ အဖြူဘက် လုသော အညို။ ထိုအသားအရေသည် မြန်မာ ယောကျ်ားတို့၏ ကျက်သရေကို ဆောင်သည်ဟု သူကြားဖူး၏။ သူ့အရပ်သည်လည်း ပေမီ ဒေါက်မီ။ သူ့မျက်လုံးများသည် ဒေါသမပါလျှင် ပို၍ နူးညံ့နေလေ၏။ သူဒေါသဖြစ်လျှင်တော့ သူ့မျက်လုံးများသည် ပြူးကျယ်တောက်ပ၍ အရောင်တလက်လက်ရှိ၏ ဟု သူ့ပတ်ဝန်းကျင်က ပြောတတ်ပါသည်။

သူသည် သူ့ကိုယ်သူ ကျေနပ်နှစ်သက်သွားပြီဆိုမှ မှန်ရှေ့မှခွာသည်။ မှန်ထဲမှ သူ့ရုပ်သွင် သည် ဘယ်နည်းနှင့်မျှ အသက်လေးဆယ်ကျော်ဟန်မတူ။ သို့သော် သူသည်...။

ဦးကျော်ခေါင်ပြုံးမိပါသည်။ သူ နုပျိုချင်ယောင် ဆောင်နေတာပါလား။ သူငယ်ရွယ်သူ မဟုတ်ချေ။ သူ့ အသက်အရွယ်ကို သူမေ့ထား၍ မဖြစ်။ သူ့အသက်အရွယ်သည် သူ့မိတ်ဆွေများ ပြောသလို အရွယ်ကောင်း ဆိုတာရော ဟုတ်ပါရဲ့လား။ အရွယ်ကောင်းဆိုတာ သူ့အရွယ် မဖြစ်သင့်။ သို့သော် သူသည် သူ့မိတ်ဆွေများ ပြောသလို လှလှပပ မိန်းမတစ်ယောက်နှင့်တော့ ရထိုက်သူဖြစ်ချင်ပေ၏။ သူလိုလူသည် မိန်းမ ပီသသော မိန်းမများ၊ စိတ်အရုပ်ဆိုး၊ လူအရုပ်ဆိုး သောမိန်းမများကို လားလားမျှ စိတ်မဝင်စား၊ မလိုလည်း မလိုချင်၊ ထို့ကြောင့်လည်း သူ့တစ်သက် နှမြောစရာ ကောင်းလှသော အဖိုးတန်လှသည့် ပျော်ရွှင်ရမည့် အချိန်များကို မည်သူ့လက်ထဲမှ မအပ်ခဲ့တာပေါ့။

သည်လိုနှင့် ကုန်ဆုံးလာသော အချိန်များကို တန်ဖိုးရှိစွာ အသုံးချခဲသော သူ့ကို သူ့မိတ်ဆွေများက အချိန်တွေ အလဟာသ ဖြုန်းတီးသူဟု ဆိုကြ၏။ သူ့ကို

တစ်ဦးတည်း သွားလာ လှုပ်ရှားနေတာ မမြင်ချင်တော့ဟု ပြောကြသည်။ သူတို့ဘက်မှ လှုပ်ပါများလာသောအခါ၌ သူ့ကိုယ်သူ သံသယဝင်လာ၏။

သူက သူတို့ ပြောသလောက် တန်ဖိုးကြီးသူများလားဟု။

သူ့ကိုယ်သူ လက်ထပ်ထိမ်းမြားရမည့် မိန်းမရှာဖွေရန် ကြိုးစားမည့်သူဟု ဘယ်တုန်းကမှ ထင်မထားခဲ့။

ယခုမူ...

ကျော်ခေါင်... စောယုနွယ် အိမ်ရှေ့ ရောက်ရှိခဲ့လေပြီ။

ဤနံနက်သည် စောယုနွယ် အလှဖြင့် တင့်တယ်နေပေလိမ့်မည်။

*

## အခန်း(၂)

ပြေလျော့နေသော ဆံပင်ရှည်ကြီးအား သိမ်းဖွဲ့၍ ခြံတံခါးဖွင့်ရန်လျှောက်လာသော စောယုနွယ်သည် အိမ်ရှေ့၌ မားမားကြီး ရပ်နေသော လူတစ်ယောက်အား အံ့အားသင့်စွာ ကြည့်လိုက်လေ၏။

နှင်းကွဲပေမယ့် အလင်းက သိပ်ပြတ်ပြတ်ထင်ထင် မရှိသေး။ အအေးဓာတ်ဖြင့် လန်းဆန်း နေသော စံပယ်ရုံများ၊ စံပယ်ပန်းရနံ့များသည် စောယုနွယ်အား ရစ်သိုင်းဖွဲ့သော်လည်း စံပယ်ပန်း ခူးရန်အတွက် စိတ်မရောက်အားတော့၊ လောင်းကုတ်အညိုကြီးကို ခပ်ဖားဖားဝတ်ကာ သက္ကလပ် ဦးထုပ်အား ခပ်ငိုက်ငိုက် ဆောင်း၍ ခြံတံခါးသော့အဖွင့်ကို လက်နှစ်ဖက်ပိုက် စောင့်နေလေသော လူဆီသို့ တစ်လှမ်းချင်း လျှောက်လာမိ၏။

“ဦးကျော်ခေါင်”

သူမနှုတ်မှ တိုးတိုးလေး ခေါ်မိ၏။ သူ... သူ မနက်အစောကြီး

ဘာလာလုပ်တာပါလိမ့်။ အစော...။

ရင်ထိတ်သွား၏ ။ သူ့ကို စောယုနွယ် မျက်နှာချင်းဆိုင်ရမှာ ရှက်နေသည်။ သူကရော။ အို... သူ ဘယ်လိုနေနေ အစောကတော့ ရှက်ရမည်လေ။

"စောယုနွယ်"

ခြံဝသို့ အစောရောက်သွားတာနှင့် သူ လှမ်းခေါ်သည်။ သူ့မျက်နှာက ကြွေရှိရှိ။ တစ်ချက်လေးမှ အပြုံးအရယ် မရှိသော ကျော်ခေါင်သည် စောယုနွယ်အား ခြေတစ်ဆုံးကြည့်၍ ခေါင်းတညိတ်ညိတ်။ အစောပင် သူမကိုယ် သူမ ပြန်သတိထားကြည့်မိ၏ ။

ဘယ်လိုများပါလိမ့်ဟယ်။ မထိတ်သာ မလန့်သာ။

"တံခါးဖွင့်ပါလား စောယုနွယ်။ ကျွန်တော် ရောက်နေတာကြာနေပြီ"

"ရှင်... ဟုတ်... ဟုတ်ကဲ့"

ခြံတံခါး ချက်ချင်းဖွင့်ပေးလိုက်ရင်း စောယုနွယ် သူ့ကို အကဲခတ်နေမိ၏ ။ ကိုကျော်ခေါင်က စောယုနွယ် အကြည့်တွေကို ရိပ်စားမိဟန်တူ၍ ယောင်ယောင်လေး ပြုံးသည်။

"သူတို့ပြောတာ အစက မယုံဘူးဗျ၊ အခုမှ ယုံတယ်"

"ရှင်... ဘာ... ဘာကို မယုံတာလဲ"

"ဟင်. . . ဟို... ဘာမှ မဟုတ်တော့ဘူး၊ ဒေါ်ဒေါ်ရှိတယ်မဟုတ်လား၊ ကျွန်တော်တို့ကိစ္စ ဆက်ဆွေးနွေးရအောင်လာခဲ့တာပါ"

"အဲဒါ အစောကြီး လာပြောတယ်"

အစော လက်ညှိုးက သူ့ရင်ဘတ်နား အရောက်မှာ တုံ့ခနဲရပ်သွားပြီး နောက်သို့ ချာခနဲ လှည့်သွားတော့၏ ။

"ဟင်… စောယုနွယ်"

"စောယုနွယ်"

သူ့ကို လုံးဝ လှည့်မကြည့်တော့ဘဲ သူမ အိမ်ပေါ်သို့သာ သုတ်ခနဲ ပြေးတက်သွားသော စောယုနွယ်သည် သူ့ကို အိမ်ပေါ်တက်လာဖို့ပင် ဖိတ်ခေါ်မသွား။ စောယုနွယ် ဘာဖြစ်သွားပြန်ပြီကို ကျော်ခေါင် ရိပ်စားမိလိုက်သဖြင့် တစ်ယောက်တည်း ပြုံးပြုံးကြီး ရပ်နေသေး၏ ။ ပြီးမှ ခပ်မှန်မှန် ခြေလှမ်းနှင့် အစော၏ အိမ်ပေါ်သို့ လှမ်းလျှောက်လာခဲ့လေသည်။

သူ အိမ်ရှေ့လှေကားမှ တက်လိုက်တာနှင့် အစော အဒေါ်ထွက်လာ၏ ။

"ဟယ်… ကိုကျော်ခေါင်၊ အစောကြီး လာလည်တယ်၊ လာပါ… လာပါ"

စောယုနွယ်က သူမ အဒေါ်နားမှာ အခြယ်အသမရှိသော မျက်နှာပေါ်မှာ အရုက်တွေကို လိမ်းခြယ်လျက် ကျော်ခေါင့်ကို ခိုးကြည့်နေ၏ ။

ကျော်ခေါင်က သူ့ လောင်းကုတ်အင်္ကျီကြီးကို တမင် ဖားနေအောင် လက်နှစ်ဖက်ဖြင့် ဖြန့်ခါ လျှောက်ရင်း အစောအဒေါ်နေရာပေးသည့် အိမ်ဦးခန်း၌ ကျကျနန ထိုင်လိုက်ပါသည်။

သူနေရာမှာ ဝင်ထိုင်သော်လည်း သူ့မျက်နှာများက နေရာသို့မရောက်။ အစောမျက်နှာပေါ် မှာသာ ဝဲနေဆဲ။ သူ ကျေနပ်သည်။ သည်မျက်နှာလေးကို မြင်ချင်လို့ သည်လိုအချိန် တမင်ရွေး လာတာ အစောရ။

မိန်းမတစ်ယောက်ရဲ့ အလှကို ကြည့်ချင်ရင် သူမ အိပ်ရာမှ နိုးစအချိန်ကို သွားကြည့်ပါတဲ့။

သိပ်ဟုတ်တာပဲ။ ကြည့်စမ်း… အစောမျက်နှာလေးက နုလိုက်လှလိုက်တာ။ အသက်သုံး ဆယ်ကျော် မိန်းမလို့ ဘယ်သူယုံနိုင်မှာမို့လဲ။

*

“ကျွန်မ အသက်သုံးဆယ့်ရှစ်နှစ်ရှိပါပြီ ဦးကျော်ခေါင်”

“ဟာ… မဖြစ်နိုင်တာ”

“ဘာလို့ မဖြစ်နိုင်ရမှာလဲ၊ မှတ်ပုံတင် ယူပြမယ်လေ”

“နေ… နေ… ကျွန်တော်က အသက်သုံးဆယ်လောက်ပဲထင်တာ”

“အသက်ဆိုတာ လိမ်စရာကောင်းတဲ့အရာမှ မဟုတ်တာဘဲ ဦးကျော်ခေါင်ရယ်၊ အစောက အသက်ရယ်၊ အတန်းပညာရယ်ကို ဘယ်တော့မှ မလိမ်ဘူးရှင့်”

“အေးဗျ… ကျွန်တော် ကြားဖူးတာကတော့ မိန်းမတွေက အသက်ကို လိမ်ပြီး ယောကျာ်း တွေက ပညာကို လိမ်တတ်ကြတယ်တဲ့”

“အဲဒါ ဘာဖြစ်လို့လဲ ဟင်”

“ဒီလိုဗျာ… မိန်းမဆိုတာ အလှအပ သမားမဟုတ်လား။ အလှအပကို ကိုးကွယ်ကြတဲ့ မိန်းမတွေဟာ သူတို့ရဲ့ နုပျိုခြင်းတွေကို အမြဲထိန်းသိမ်းချင်ကြတယ်။ သူတို့ဟာ အမြဲတမ်း လန်းဆန်း တက်ကြွလှပနေတယ်လို့ပဲ ထင်ထားကြပြီး၊ တွန့်လာတဲ့ အသားအရေ၊ ဖြူလာတဲ့ ဆံပင်၊ ဆိုးလာတဲ့ အရုပ်တွေကို နောက်ဆုံးပေါ် အလှပြင်ကိရိယာတွေနဲ့ ပြုပြင်မွမ်းမံပြီး ဇရာကို လိမ်ကြတော့တယ်လေ၊ သူတို့ အသက်ကိုလဲ သူတို့ မေ့ပစ်လိုက်ပြီး၊ ရှိရင်းစွဲထက် ငါးနှစ်လောက် တော့ လျှော့ပြောပစ်တာပဲ”

“ဟုတ်လား၊ ဒါမျိုး ဦးကျော်ခေါင်ကြုံဖူးလို့လားဟင်”

“ဟာ… ဘယ်ကကြုံဖူးမှာလဲ၊ စာတွေ့တွေ ဖတ်ပြီး ပြောပြတာ၊ ကြားဖူးနားဝနဲ့ ပြောတာ”

“သြော်… သြော်၊ ဒါဖြင့် ယောကျာ်းတွေက ဘာလို့ ပညာလိမ်ကြတာလဲဟင်…”

“ခင်ဗျား တကယ် မသိဘူးလား”

“တကယ်ပေါ့၊ အစောက သိပ်ဗဟုသုတ နည်းခဲ့တာ ဦးကျော်ခေါင်ရဲ့၊ စာတောင် ရေးတတ် ဖတ်တတ်ပဲ သင်ဖူးတာ၊ အစောကလေ...”

“တော်ပြီ... တော်ပြီ၊ ကျွန်တော် စောယုနွယ် အကြောင်းမမေးဘူး၊ မဖြေနဲ့၊ ယောက်ျားတွေ ဘာကြောင့် ပညာလိမ်သလဲဆိုတာပဲ ပြောပြမယ်”

“ဟုတ်ကဲ့... ဟုတ်ကဲ့၊ ပြောပြပါ”

“အဟမ်း... ကျွန်တော်တို့ ယောက်ျားတွေက မွေးရာပါ ဗီဇအရ၊ မိန်းမတွေကို ဦးဆောင် ချင်တဲ့သဘောရှိတယ်၊ ဒါကို လက်ခံတယ် မဟုတ်လား”

“ဟုတ်ကဲ့ရှင့်...”

“ဒီ ဦးဆောင်ချင်တဲ့စိတ်ကြောင့် အရာရာဟာ ယောက်ျားတွေက မိန်းမတွေထက် ပိုသိ၊ ပိုတတ်၊ ပိုတော်ရမယ်တဲ့ စိတ်ရှိနေပြီသား၊ ခွန်အားဗလမှာရော၊ ဉာဏ်ပညာမှာရောပေါ့၊ အဲ... ဒါပေမယ့် တချို့ယောက်ျားတွေဟာ ပညာမတတ်ကြဘူး၊ ကျွန်တော်ကတော့...”

“ဦးကျော်ခေါင် ပညာတတ်တစ်ယောက်ဆိုတာ အစောသိပါတယ်၊ မဟာသိပ္ပံသချာၤဘွဲ့ လေ”

“အားပါး၊ တယ်သိပါလား စောယုနွယ်၊ မင်းဘယ်လို သိလဲ”

“အို... ဦးကျော်ခေါင်ပဲ၊ ဒေါ်ဒေါ်ကို ပြောခဲ့ပြီး”

“သြော်... ဟုတ်လား... ဟုတ်တယ်၊ ကဲဆက်ပြောမယ်၊ အဲ့ဒီ ပညာမတတ်တဲ့ ယောက်ျားတွေဟာ ပညာမတတ်တဲ့ မိန်းမနဲ့ ဆုံရင် ဘာပြဿနာမှမရှိဘူး၊ ထင်းခွေ ရေခပ် တတ်ရုံ လောက်နဲ့ သူတို့မိန်းမတွေဟာ ရိုသေလေးစားပြီးသား၊ ပညာနည်းနည်းတတ်တဲ့ မိန်းမနဲ့ ပညာ သိပ်မတတ်တဲ့ ယောက်ျားနဲ့ဆုံရင် သရေသရေပဲ၊ မိန်းမက ပညာနည်းနည်းတတ်တာကို သူ့

ယောက်ျားက တန်းတူ ညှိပစ်ပြီး အိမ်ရဲ့အိမ်ထောင်ဦးစီးအဖြစ် သူကပဲ ဦးဆောင်တယ်၊ ဒီထက်ပိုဆိုးတာက မိန်းမက ပညာသိပ်တတ်ပြီး၊ ယောက်ျားက ပညာမတတ်ရင် အဲဒီ မှာ ပြဿနာ ပဲ...။

"ပညာမတတ်တဲ့ ယောက်ျားဟာ ပညာတတ်မိန်းမကို ဆရာလဲမတင်ချင်၊ ဆရာလဲ တင်ရ၊ သူ့ မိန်းမက သူ့ထက်ဉာဏ်အမြော်အမြင်ကလဲရှိ၊ မိသားစုလဲ ဦးဆောင်နိုင်ဆိုတဲ့အခါ ဒီယောက်ျား ဟာ သူပညာမတတ်ခဲ့တာကို ရှက် ရှက်လာပြီး၊ ရှက်ရမ်း ရမ်းတော့တာပဲ၊ မိန်းမလုပ်သမျှ အလုပ်ကို တစ်ချိန်လုံး မကောင်းပြော မကောင်းထင်တော့တယ်၊ ဒီလို အကြောင်းအကျိုးတွေ ကြောင့် ယောက်ျားတွေက သူတို့တတ်တဲ့ အတန်းပညာထက် အသိပညာထက် နည်းနည်း လောက်ဖြစ်ဖြစ် ပိုပြောတတ်ကြတယ်၊ ကြိုတင်ကာကွယ်တဲ့ သဘောပေါ့"

"ဒါနဲ့ပဲ... ယောက်ျားတွေက ပညာကို လိမ်ကြရောလား"

"တချို့ ယောက်ျားတွေ အကြောင်း ပြောတာပါ၊ စောယုနွယ်၊ ကျွန်တော်ကတော့ ကျွန်တော့်ပညာကို မလိမ်ပါဘူး"

"ဒါဖြင့် အသက်ကိုတော့ လိမ်မယ်ပေါ့"

"အသက်လား... အဟား... စောယုနွယ် ပြောစမ်း၊ ကျွန်တော့်အသက်ကို အမှန် အတိုင်း"

"စိတ်မဆိုးဘူးဆိုရင် ပြောမယ် ဦးကျော်ခေါင်"

"ပြော... ကျွန်တော့်အသက်ကို အမှန်ပြောနိုင်ရင် စောယုနွယ်ကို ဘောက်ဆူးပေးမယ်"

"အင်း... ဦးကျော်ခေါင်က အသက်က လေးဆယ့်ငါးနှစ်တိတိ"

"ဘယ်... ဘယ်လို လေးဆယ့်ငါးနှစ်တိတိ ဟုတ်လား၊ စောယုနွယ်

ပြောတာ တိကျလှ ချည်လား”

“ဟို… ဟိုလေ၊ လေးဆယ့်ငါးနှစ်ထင်တယ်လို့ ပြောတာပါ၊ တိတိက တမင် နောက်ပြော တာပါ”

“အဟိုး… မသိပါဘူး၊ စောယုနွယ်များ အကြားအမြင်ရနေသလားလို့၊ ဟုတ်တယ်ဗျ၊ ကျွန်တော့်အသက် မနေ့ကပဲ လေးဆယ့်ငါးနှစ် ပြည့်ခဲ့တယ်၊ ဒါပေမယ့် ကျွန်တော့် အသက်ကို ဘယ်သူ့ကိုမှ မပြောခဲ့ဘူး”

“ဒါဆို… အစောပြောတာ မှန်သွားပြီပေါ့နော်”

“မှန်တယ်… ကဲ… ပြော… ဘောက်ဆူးချမယ်၊ ဘာလိုချင်လဲ အစော”

“ဟင့်အင်း မယူပါဘူး၊ အစောမှ မတောင်းတာ၊ ဦးကျော်ခေါင် ဘာသာ ဘောက်ဆူးချမယ် ပြောတာပဲ”

“ဟုတ်သားပဲ၊ ကောင်းပြီလေ၊ ကျွန်တော်ပေးမယ့် ဘောက်ဆူးကို အစောလက်ခံမယ်ပေါ့”

“ဟုတ်ကဲ့”

“ကျွန်တော်. . . အစောကို လက်ထပ်ပါရစေ”

“ရှင်…”

*

## အခန်း(၃)

“ကော်ဖီတွေ အေးကုန်ပြီ ကိုကျော်ခေါင်၊ သောက်လိုက်ပါဦး”

သူ့မျက်နှာနားသို့ တိုးကပ်ရောက်ရှိလာသော ကော်ဖီပန်းကန်မှကော်ဖီငွေ့များက သူ့နှာဝထဲ သို့ တိုးဝင်လာမှ ကိုကျော်ခေါင် ဆတ်ခနဲ နေရာပြင်ထိုင်၏ ။ သူအတွေးလွန်သွားတာပါလား။

ချက်ချင်းပဲ၊ ပတ်ဝန်းကျင်ကို သူသတိထားလိုက်ရာ၊ သူ့ရှေ့တည့်တည့်တွင် ထိုင်နေသော အစော အဒေါ် ဒေါ်မိမိက သူ့ကို ပြုံးပြုံးကြီးကြည့်နေလေ၏ ။ အစော၏ အရိပ်အယောင်ကိုတော့ သူမတွေ့ရတော့။ အစော ဘယ်မှာပါလိမ့်။

"အစောရော ဒေါ်ဒေါ်"

"အစော ဈေးသွားပြီး ကိုကျော်ခေါင်"

"ဟောဗျာ... ကျွန်တော်လာတာ သိရက်နဲ့ ထားခဲ့တယ်"

သူဘယ်လောက် ကြာအောင်များ အတွေးနယ် ဝင်နေမိသည်မသိ။ စောယုနွယ်က သူ့ကို အိမ်မှာထားလို့ ဈေးထွက်သွားခဲ့လေပြီ။ သူအနည်းငယ် ရှက်သွားပြီး ဒေါ်မိမိကို အရှက်ပြေ ရယ်ပြ လိုက်လေ၏ ။ ဒေါ်မိမိက သူ့ကို ရိုသေလေးစားသလို ရှိသော်လည်း သူ့တူမ စောယုနွယ်နှင့် ပတ်သက်ပြီး ကလေးဆန်နေသော သူ့အား ရယ်ချင်ပြုံးချင်နေလေပြီ။ သူ ဣန္ဒြေဆည်လိုက်သော်လည်း နောက်ကျသွား၏ ။

"အစောက ကိုကျော်ခေါင်ကို နှုတ်ဆက်သွားပါတယ်၊ ဈေးက စောစောဝယ်မှ လိုချင်တာ ရတာ ။ မဟုတ်ရင် သားငါးက ဈေးတက်သွားရော"

"ဟုတ်ပြီ... ဟုတ်ပြီ... အစောက သူ့အလုပ် သူလုပ်တာပဲ၊ ကျွန်တော်သာ အတွေး များသွားတယ်"

"ကျွန်မလဲ တမင်လွှတ်လိုက်တာပါ၊ အစောက သူ့ရှေ့တခြားစကားတွေပြောမှာ ရှက်နေ တယ်၊ အဲ့ဒါကြောင့် ကျွန်မ ဈေးလွှတ်လိုက်တာ ကိုကျော်ခေါင်၊ ဒါမှ ကျွန်မနဲ့ ကိုကျော်ခေါင် တိုင်ပင်စရာရှိတာ တိုင်ပင်လို့ ကောင်းမှာပေါ့"

အေးစက်နေသော ကော်ဖီပန်းကန်အား သောက်ရန် ဆန္ဒမရှိသော်လည်း

အစော အဒေါ်ကို အားနာသောကြောင့် တစ်ငုံငုံလိုက်ပြီး နေရာမှာ ပြန်ချထားလိုက်သည်။ ပြီးတော့ သူစီးကရက် ဖွာသည်။ သူ့အစောသည် ပင်ကိုအလှနှင့် သူ့ကို ပို၍ ဆွဲဆောင်သွားခဲ့လေပြီ။

သူ ကျေနပ်စွာ ပြုံး၍ အစော အဒေါ် ဒေါ်မိမိနှင့် စတင် ဆွေးနွေးပါတော့သည်။ သူ့စကားကို မပယ်ရှားဝံ့လေဘူးဟု ဒေါ်မိမိ အပေါ် အကျပ်မကိုင်ခဲ့ပါ။ သူ၏ ခြေလှမ်းများကို ပုံမှန်အတိုင်းလှမ်း ၍ အစောထံ လက်ထပ်ခွင့် တောင်းလိုက်ခြင်းသာ ဖြစ်သည်။

နဂို မြို့ခံ ခင်မင်ရင်းစွဲထက် ဒေါ်မိမိက သူ့ဆီမှ ဆီများလက်ကားဝယ်ယူ ရောင်းချနေသော ကြောင့် လုပ်ငန်းချင်းလည်း ပတ်သက်နေလေ၏ ။ သူ့ကို ဒေါ်မိမိတို့ တူဂရိုးက လေးစားသလို သူကလည်း “စောယုနွယ်”ကို သတိထားမိခဲ့တာ။ သူ့မိတ်ဆွေများ၏ နည်းပေးလမ်းပြ ရှာဖွေပေးခဲ့ သည့် နေ့မှစတင်ပေလိမ့်မည်။

“ဒီမြို့မှာ စောယုနွယ်ကို လက်ထပ်ချင်သူတွေ အများကြီး ကိုကျော်ခေါင်ရဲ့၊ သူက အပျိုကြီးလေ... ဒီမြို့ ရောက်လာတာ တစ်နှစ်လောက်ပဲ ရှိသေးတယ်၊ ပုံစံက နန်းဆန်ဆန်လေး၊ လမ်းလျှောက်တာကအစ သိပ်သိမ်မွေ့တယ်၊ စကားပြောလဲ ကောက်ညှင်းပေါင်းသည်ကစ ချိုချို သာသာပြောတာ၊ စောယုနွယ်များ ဈေးလာဝယ်ရင် ဈေးသည်တွေက အလကားပေးမတတ်ဘဲ၊ ဒီအမျိုးသမီးက သူ့အဒေါ်နဲ့ ဈေးကူရောင်းတော့ တစ်မြို့လုံးက စောယုနွယ်ကို ခင်နေကြတယ်၊ သူ့မှာ အိမ်ထောင်မရှိတာတော့ သေချာတယ်၊ ကျွန်တော်တို့ သူ့အဒေါ်ကို အစ်အောက် မေးပြီးပြီ၊ သူ့ အဒေါ် ဒေါ်မိမိကလဲ သူ့တူမ အပျိုကြီးကို တော်တော်တန်တန်လူနဲ့ သဘောတူဟန် မပြဘူးဗျ၊ ကိုကျော်ခေါင် ဆိုရင်တော့ တစ်မျိုးပေါ့”

“ဟ... ဖြစ်ပဲ့ါမလားဗျ၊ ကျွန်တော် သိပ်သတိမထားမိပါဘူး၊ ဘယ်သူ၊ စောယုနွယ်”

“ဟုတ်တယ်၊ စောယုနွယ်၊ တွေ့ချင်ရင် ခင်ဗျားဆီစက်ကို မနက်ပိုင်း ဆီလာဝယ်တတ် တယ်၊ စောင့်ကြည့်… အကဲခတ်”

“ကောင်းပြီလေ၊ ကျွန်တော် အကဲခတ်မယ်”

“ခင်ဗျား သူ့ကိုမှ သဘောမကျရင် ဒီတစ်သက် ဘယ်မိန်းမမှ ရှာမယူနဲ့တော့ ကိုကျော်ခေါင်”

သည့်လောက်တောင်ပဲ ညွှန်းရသလား ဟူသော သံသယစိတ်ဖြင့် သူတစ်ရက်အချိန်ယူပြီး သူ့ရဲ့ “ရဲကျော်ခေါင်”ဆီစက်သို့ သွားရောက်ခဲ့လေသည်။

အဲသည်မှာ သူ စောယုနွယ်ကို သတိထားမိခဲ့ပြီး စောယုနွယ်ဆိုတဲ့ အမျိုးသမီးဟာ သူ့ဘဝ အတွက် အလိုအပ်ဆုံး ဇနီးမယားဖြစ်သင့်သူပဲဟု ဆုံးဖြတ်နိုင်ခဲ့လေသည်။ ထိုနေ့က စောယုနွယ်၏ အလှသည် ငြိမ်းချမ်းရေးငှက်ကဲ့သို့ ဖြူစင် သိမ်မွေ့လှလွန်းခဲ့သည်။

သူ့ရင်ကို လှုပ်ရှားစေလွန်းခဲ့သည်။ ထို့ကြောင့် သူ့တစ်သက် ရင်မခုန်စဖူး သူရင်ခုန်ခဲ့သည်။ စောယုနွယ်ဟု မှတ်တမ်းတင်ခဲ့ရသည်လေ။

“ကျွန်တော့် သဘောထားကတော့ ခုနကပြောတဲ့အတိုင်းပဲ ဒေါ်ဒေါ်၊ ကျွန်တော် စောယုနွယ်ကို လက်ထပ်ချင်ပါတယ်၊ ဒီကိစ္စကို ဒေါ်ဒေါ်ကတဆင့် စောယုနွယ် သိပြီးရောပေါ့”

“သိပြီးပါပြီ ကိုကျော်ခေါင်၊ ကျွန်မ ပြောပြပြီးပါပြီ”

သူ့အမေးကို တလေးတစား ပြန်ဖြေသော ဒေါ်မိမိသည် သူ့ တူမ စောယုနွယ်အား ဦးကျော်ခေါင်နှင့် သဘောမတူစရာ အကြောင်းမရှိပေ။ ဤမြို့ကလေးမှာ ဦးကျော်ခေါင်သည် နေတစ်ဆူ။

အကယ်၍ များ စောယုနွယ်သာ ဦးကျော်ခေါင်ကို လက်ထပ်ခဲ့ပါမူ စောယုနွယ်သည် လ တစ်ဆူ ဖြစ်လာနိုင်ပေလိမ့်မည်။ စောယုနွယ် အနေနှင့်လည်း

သူမ ရုပ်ရည်နှင့် သည့်ထက် နုပျိုသော ယောကျ်ားပျိုများကို ရနိုင်ကောင်းသော်လည်း ဒေါ်မိမိကဖြင့် ဦးကျော်ခေါင်၏ ကမ်းလှမ်း ချက်ကိုသာ လက်ခံစေလိုခဲ့သည်။ ထို့အတွက်လည်း စောယုနွယ်အား အတန်တန် နားချခဲ့ပြီးပါပြီ။

"ငြင်းစရာမရှိရင် မငြင်းပါနဲ့ အစောရယ်၊ အစောဘဝနဲ့ ဒေါ်ဒေါ့်ဘဝ ဒီ့ထက် ပိုလုံခြုံပြီး စိတ်ရောလူပါ ချမ်းသာရမှာ"

"ဒါတော့ အစော သိပါတယ် ဒေါ်ဒေါ်၊ ဒါပေမယ့် ဦးကျော်ခေါင်က ဘာဖြစ်လို့များ အစောကို ရွေးလက်ထပ်ချင်ရတာ လဲ"

"အိုကွယ်... အစောက လှပြီး ကျက်သရေရှိလို့ပေါ့၊ ဒါတစ်မြို့လုံး သိတဲ့ဥစ္စာ"

ဒေါ်မိမိက သူ့တူမ အလှကို သူကိုယ်တိုင် ချီးမွမ်းမဆုံးခဲ့သူပင်။

"မဟုတ်သေးဘူး ဒေါ်ဒေါ်၊ သူ့ကို သိပ်သဘောကျတဲ့ မိန်းမတွေ ဒီမြို့မှာ အများကြီး၊ ဘာလို့ မရွေးနိုင်ရမှာလဲ၊ ပြီးတော့ အစောက ဒီမြို့သူလဲမဟုတ်ဘူး၊ အခုမှ ဒေါ်ဒေါ်နဲ့ လာနေတာ တစ်နှစ်တောင် မပြည့်သေးဘူး၊ ပြီးတော့ အစောက သူလို ဂုဏ်သရေရှိ လူကြီးလူကောင်း တစ်ယောက် ကြိုက်လောက်တဲ့ အလုပ်မျိုး..."

အစော သူ့စကားသူ ရှေ့မဆက်ဘဲ ဒေါ်ဒေါ့်ကို လှမ်းကြည့်မိ၏ ။ ဒေါ်ဒေါ်က မျက်နှာ အပျက်ပျက်နှင့် လှမ်းတားတော့၏ ။

"တော်... တော်... စောယုနွယ်၊ ဘာလဲ... စောယုနွယ် အငြိမ့်မင်းသမီး လုပ်ခဲ့ဖူးတာ ပြောမလို့လား၊ အဲဒါ ဘယ်သူသိမှာလဲ၊ ဒေါ်ဒေါ်က လွဲလို့ ဘယ်သူမှမသိဘူး စောယုနွယ်၊ ဒီအလုပ် ကို သမ္မာအာဇီဝ လုပ်ကိုင်စားခဲ့တာပဲကွယ်၊ အေး... ဒါပေမယ့် ဦးကျော်ခေါင်က ဇီဇာကြောင် သမား၊ သူ့အလိုက်ပဲ စကားပြောပြီး သူ့နောက်က လိုက်ရုံပဲ၊ ကျန်တဲ့ ဘာအကြောင်းမှ ပြောပြစရာ မလိုဘူး အစော၊ အရေးကြီးတာ ဦးကျော်ခေါင်ကို အစော လက်ခံလိုက်ဖို့ပဲ၊ ဒါမှ အစောဘဝလေး ငြိမ်းချမ်းသာယာမှာ၊ ဒေါ်ဒေါ့်စကားကို နားထောင်စမ်းကွယ်"

ဒေါ်မိမိ တိုက်တွန်းလွန်းမက တိုက်တွန်းသောကြောင့်လည်း အစောဘက်မှ ဆက်ငြင်းရန် အင်အားမရှိတော့။ သူမအနေနှင့် ဦးကျော်ခေါင်အား အကဲခတ်ရန် အခွင့်အလမ်း မသာခဲ့သော် လည်း ဦးကျော်ခေါင်ကမူ ဒေါ်ဒေါ်ထံမှ တစ်ဆင့် စောယုနွယ်အား သေချာကျနစွာ အကဲခတ်ပြီး ခဲ့ပြီလေ။

ထို့ကြောင့် သူ့ဘက်မှ ကြိုးပမ်းချက်တို့အား အလျှဉ်မပြတ်စေရဘဲ အစောထံမှ ခေါင်းညိတ် လာရေးကို ပြတ်သားစွာ ကြိုးပမ်းနေလေပြီ။ သူလိုင်ချင်တဲ့ မိန်းမကို ရယူနိုင်ဖို့ တစ်ဆင့်ခံများနှင့် မကြိုးစားချင်ပါ။ သူကိုယ်တိုင်ပဲ ကြိုးစားခဲ့လေ၏ ။

“ဒီတော့ သူက ဘာပြောလဲ ဒေါ်ဒေါ်”

“ကျွန်မ သဘောအတိုင်းပါပဲ”

“အဲ... ဒေါ်ဒေါ့် သဘောကရော”

“ကျွန်မကတော့ အစောကို ဦးကျော်ခေါင်နဲ့ သဘောတူပါတယ်၊ ဘာများ ငြင်းစရာရှိလို့လဲရှင်”

သူနှင့် စောယုနွယ်ကို ဒေါ်မိမိက သဘောတူသည်ဟု ကြားကြားချင်း ကိုကျော်ခေါင် ဝမ်းသာသွား၏ ။ ဖုန်းခနဲ ထရပ်လိုက်ပြီးမှ အရှက်ပြေ ဟက်ခနဲ ရယ်ကာ ဒေါ်မိမိ ဧည့်ခံထားသော ကော်ဖီအေးအေးအား တစ်ကျိုက်တည်း မော့ချလိုက်လေ၏ ။ အားပါး... ကောင်းလိုက်တဲ့ ကော်ဖီ။

သူ ယနေ့ ဝမ်းသာသည်။ သူ အစော အိမ်သို့ လာရကျိုးလည်း နပ်သည်။ သူက မိန်းမတစ်ယောက်ရဲ့ အလှကို ကိုယ်တိုင်တွေ့ရှိခဲ့ရသလို၊ မိန်းမတစ်ယောက်နှင့် လက်ထပ်ခြင်း ကိုလည်း သဘောတူခွင့်ရခဲ့လေပြီ။ တယ်ကံထူးပါလား ကျော်ခေါင်... ဟု သူ့ကိုယ်သူ အားပေး ချီးပလိုက်ရင်း ဆေးလိပ်ဖွာရန် အာသာပြင်းပြလာသဖြင့် သူ့ ဘယ်ဘက်အိတ်ကပ်ထဲမှ ဆေးလိပ် ထုတ်လိုက်ရာ ဓာတ်ပုံတစ်ပုံက သူ့ပေါင်ပေါ် လျှောကျလာသည်။

ဓာတ်ပုံကို သူကောက်ယူလိုက်ရာ ဓါတ်ပုံထဲမှ…

ရဲကျော်ခေါင်…။

ရဲကျော်ခေါင်…။

သူ့မျက်လုံးနှစ်ဖက် ပင့်တက်သွား၏ ။ သူ့ နှုတ်ခမ်းများလည်း ကွေးသည်ထက် ကွေးသွား၏ ။ ဒေါ်မိမိက သူ့ အမူအရာများကို အဆက်မပြတ်ကြည့်နေသော်လည်း ဘာမှ မမေး။

သူ ဖျောက်ဖျက်ထားလို့ မရတဲ့ ကိစ္စတစ်ရပ်ကို အခုကတည်းက ရှင်းပြထားလျှင် ပိုကောင်း ပေလိမ့်မည်။ ဦးကျော်ခေါင် ဓာတ်ပုံကို စားပွဲပေါ် ချလိုက်ပြီး ဒေါ်မိမိကို ပြတ်သားစွာ ပြောလိုက်လေသည်။

“ဒါ ကျွန်တော့် ရဲ့သား ရဲကျော်ခေါင်ပဲ ဒေါ်ဒေါ်၊ သူ ရန်ကုန်တက္ကသိုလ်မှာ နောက်ဆုံးနှစ် တက်နေတယ်၊ ရှေ့တစ်ပတ်ကျောင်းပိတ်ရင် မြို့ကို ပြန်လာတော့မယ်၊ သူ့အကြောင်းကိုလဲ စောယုနွယ်ကို ပြောပြထားပေးပါ၊ အခုရှုပ်မှ နောင်ရှင်းဆိုသလို ကျွန်တော့်မှာ သားတစ်ယောက် ရှိတယ်ဆိုတာလဲ သူသိပါစေ…”

သူ့စကားကို ဘာမှ အရေးမကြီးဟန်ဖြင့် ဒေါ်မိမိကြည့်၍ နားထောင်နေသည်။ ဓာတ်ပုံကို တော့ ကြည့်နေပါသည်။ သူ… သူ သားကို မေ့ထား၍ မဖြစ်။ သားက သူ့သား ရဲကျော်ခေါင်က ပွင့်လင်းသည်။ ရိုးသားသည်။ ပြတ်သားသည်။ ပျော်တတ်သည်။ ဘာကိုမဆို အကာအကွယ်မဲ့ စကားဆိုတတ်သည့် လူငယ်တစ်ယောက်။

သူ၏ တစ်ဦးတည်းသောသား ရဲကျော်ခေါင်ကိုဖြင့် ဘာအကြောင်းကြောင့်မှ စောယုနွယ် မငြိုငြင်စေရ။ အကယ်၍ များ သူ့မှာ ရဲကျော်ခေါင် ရှိသည့်အတွက် စောယုနွယ်က သူမဘက်မှ လက်ခံခဲ့သမျှ ရုပ်သိမ်းမည်ဆိုပါက သူ ဝမ်းနည်းစွာနှင့်ပဲ လက်ခံရပေလိမ့်မည်။ ဆက်၍

စောယုနွယ်ကို အရေးဆိုခွင့်မပေးနိုင်။

“ကဲ… ကျွန်တော်ပြန်မယ် ဒေါ်ဒေါ်၊ စောယုနွယ်ဆီက အဖြေသိရရင်သာ ကျွန်တော့်ဆီ လာပြောပါ”

သူ ထ ရပ်လိုက်သည်။ သူ့ထံမှ ရှိသော ပျော်ရွှင်ခြင်းတို့ တစ်ဝက်နည်းပါး လျော့ကျပျောက် ဆုံးသွားသည့်နှယ်။ သူ… အစောအိမ်မှ စိတ်ပူပန်စွာ ပြန်ရဦးမည်ပါလား။

“နေပါဦး ကိုကျော်ခေါင် ကျွန်မ ပြောပါရစေဦး”

“ဘာလဲ ဒေါ်ဒေါ်”

ဒေါ်မိမိလှမ်းတားသည်။ ဓာတ်ပုံကိုလည်း သူ့ ဆီ ပြန်ကမ်းပေးသည်။ သူ လှမ်းမယူသေးဘဲ နားထောင်လိုက်၏ ။

“ကိုကျော်ခေါင်ဟာ သားတစ်ယောက် မုဆိုးဖို ဆိုတာ ကိုလဲ အစောသိပြီးသားပါ”

“ဗျာ… အစောသိတယ်”

ထိုစကားအတွက် အမှန်တကယ်ကို သူထိတ်လန့်သွားသည်။ အစောက သူ့မှာ သား ရဲကျော်ခေါင်ရှိတာ သိသတဲ့လား။ သူကဖြင့် သူမပြောဘဲ မသိဘူးမှတ်နေတာ။ အစောကို သူ အကဲခတ်တုန်းကလည်း အစောက တစ်ချိန်လုံး ခေါင်းငုံ့ပြီး သူ့ကို ရှက်နေတာနှင့် သူ ဘာစကားမှ ရှေ့မဆက်ဝံ့။ သူ့ကို အစောကြည့်ပုံများက အားနာရှက်ရွံ့အကြည့်နှင့် လူပျိုလူရွယ်လေးကို အပျို ရိုင်းမလေးက ခိုးကြည့်သည့် အကြည့်တွေနှင့်သာ ကြည့်သွားခဲ့လေသည်။ အစောက တယ်ထိန်း ချုပ်တတ်ပါလား၊ သူ လက်ဖြောက်တီးရင်း ပြုံးလိုက်လေ၏ ။ သူ့ကို အစောက သူထင်တာထက် ပို နားလည်နေပါရောလား၊ သိပ် ဂမ်းသာတယ် အစောရယ်။

"အစောက ကျွန်မကို ပြောတာတစ်မျိုး"

"ဘယ်... ဘယ်လို တစ်မျိုးလဲ"

သူ ကုတ်ကျီကို ချွတ်ကိုင်လိုက်၏။ အပြင်မှာ နေရောင်ခြည်၏ အလင်းဓာတ် ပြည့်ပြည့်ဝဝ ရနေလေပြီ။ သူ့တစ်ကိုယ်လုံး နွေးထွေးနေ၏။

"ဦးကျော်ခေါင်ကို သူလက်ခံရင်၊ သား ရဲခေါင်ကျော် သဘောတူပါ့မလားတဲ့၊ ကလေးက လူငယ်ဆိုတော့ ရှက်ရမ်းများ ရမ်းမလားတဲ့လို့တောင် ပြောတယ်"

အစောအတွက် ရှင်းလင်းပြတ်သားသောအဖြေကို ဖမ်းသာအားရ ပြန်ဖြေလိုက်၏။

"ဟာ... ဒီကိစ္စမပူနဲ့၊ ကျွန်တော့်သားက နားလည်မှုအပြည့်အဝရှိတယ်၊ အသက်သာ နှစ်ဆယ်ရှိတာ၊ လူက ရင့်ကျက်တယ်၊ ကျွန်တော် သဘောကျတာမှန်သမျှ သူ သဘောကျတာပဲ၊ သူကတောင် ကျွန်တော့်ကို အမြဲမေးနေတာ၊ ဒယ်ဒီ မိန်းမ မယူတော့ဘူးလားတဲ့၊ သား ရှာပေးရ မလားလို့တောင် ပြောနေတာဗျ၊ အဟား... ဟား... ဒါပေမယ့် အစောကို သား ဓာတ်ပုံပြလိုက် ပါဦး၊ ပြလိုက်ပါဦး၊ အဟား..."

လူကြီးရှက်တော့ ရယ်ပါသည်။

ဦးကျော်ခေါင် ရှက်ရှက်နှင့် သူ့အကြောင်း ပြောပြရင်း ရယ်မိလေသည်။ သူ့ဘက်မှ ဣန္ဒြေ ပျက်သလိုလိုတောင် ဖြစ်သွား၏။ မတတ်သာတော့။ သည်လိုမှ မရှင်းပြန်လျှင်လည်း နှစ်ဦးနှစ်ဖက် တအုံ့နွေးနွေး ရှိဦးတော့မည်။ တော်ကြာ ရက်ကြာလာလျှင် ဘေးပယောဂများကြောင့် သွေးကွဲ စကားတွေကြားမှာ စောယုနွယ် တွေဝေသွားနိုင်သည်။ သူက စီးပွားရေးသမားပီပီ လူမှုရေး ကိစ္စ ကိုပါ သင်္ချာနည်း တကျ တွက်လိုက်လေ၏။

သူ့သားရဲကျော်ခေါင်လည်း သူ့ကိုယ်ရေးကိုယ်တာ ကိစ္စများအား ကန့်ကွက်မည့်သား မဟုတ်ပါချေ။

သူ့သားက လူငယ်ပေမယ့် အတွေးအခေါ် မငယ်သည့် လူငယ်...။

*

## အခန်း(၄)

သူ ပြန်မယူသွားသည့်အတွက် ရဲကျော်ခေါင်၏ ဓာတ်ပုံအား စောယုနွယ် ကြည့်ခွင့်ရခဲ့လေ သည်။ အသက် နှစ်ဆယ်နှစ်အရွယ် လူငယ်တစ်ယောက်ရဲ့ တက်ကြွမှု၊ ရဲရင့်မှု၊ ပြတ်သားမှု၊ မာန် မာနကြီးမှုတို့ဖြင့် ပြည့်စုံသော လူငယ်တစ်ယောက်ဟာ ရဲကျော်ခေါင်တဲ့လား။

နှုတ်ခမ်းတင်းတင်းနှင့် မျက်လုံးများ စူးရဲ တောက်ပကာ ဆံပင်ကို သေသေသပ်သပ်ဖြီး သင်ပြီး၊ လူကြီးဟန် ဖမ်းထားသော်လည်း ငယ်ရွယ်ခြင်းတို့က အနုစ်သဖွယ် ထင်ရှားပေါ်လွင်နေ သော ရဲကျော်ခေါင်သည် ဦးကျော်ခေါင်၏ တစ်ဦးတည်းသောသား ဖြစ်လေသည်တဲ့။

ဖခင်နှင့်မတူဘဲ မိခင်နှင့်တူ၍ များ ပို၍ ချောမောနေသည်လား မသိပါ။ အသားညို ဘက်နွယ်သော ဦးကျော်ခေါင်နှင့် အသားဖြူလှသော ရဲကျော်ခေါင်တို့မှာ မျက်ခုံး မျက်ဖန်များက ခွဲမရအောင် တူလှပေ၏ ။ ကျန်သည့် အလှအပများကတော့ ရဲကျော်ခေါင်ဆီမှာ ပိုစုနေသလိုပင်၊

ပညာရည်ချွန်ပြီး ရဲဝံ့ပြတ်သားသော လူငယ်တစ်ယောက်ကို အစောက ဆွေမျိုးတော်ရ မည်ဆိုပါလား။

သူမထက် အသက် ဆယ့်ရှစ်နှစ်လောက်ကွာသော လူငယ်လေးဟာ ဦးကျော်ခေါင်နှင့် ပတ်သတ်ပြီး အစော တော်စပ်ရမည့် သားပဲပေါ့နော်။

အစော ကျေနပ်စွာ ပြုံးလိုက်ပါသည်။ ထိုအခါ ဓာတ်ပုံထဲမှ

ရဲကျော်ခေါင်ကလည်း အစောကို ပြန်ပြုံးပြသည်ဟု ထင်လိုက်မိ၏ ။ ဖခင်ကို နားလည်တဲ့ သားတစ်ယောက်ဟာ သူနဲ့တော် စပ်ရမည့် မိခင်အသစ်ကိုလည်း နားလည်မှု ပေးလိမ့်မည်ဟု အစော ယုံကြည်နေပါသည်။

ဦးကျော်ခေါင်သားက စောယုနွယ်ရဲ့ သားဖြစ်ရမည်။

ဦးကျော်ခေါင်က သူ့သားကို ဘယ်လိုများ ခေါ်ပါလိမ့်။ အို... သားလို့ပဲခေါ်မှာပါ။ ဒါဆို အစောကလည်း မောင်ရဲကျော်ခေါင်ကို သားလို့ပဲ ခေါ်မည်။ ဒီအခေါ်က အစောဘက်မှ အသင့်မြတ်ဆုံး အခေါ်သာ ဖြစ်၏ ။ ဒါဖြင့် သားရဲကျော်ခေါင်ကရော၊ သူ့အဖေကို ဘယ်လိုများ ခေါ်ပါလိမ့် ဒေါ်ဒေါ်မပြောတာကတော့ “ဒက်ဒီ”လို့ ခေါ်သည်တဲ့။ ဒါဆို ရဲကျော်ခေါင်က အစောကို “မာမီ”လို့ ခေါ်ချင်ခေါ်မှာ၊ အဲသလိုကတော့ နားရှက်စရာကြီးပါကွယ်။

အစောကို အနောက်တိုင်းဆန်ဆန်နေတာပြောတာ နားထောင်လို့မရ။ ဦးကျော်ခေါင် ခေတ်မီတာ ခေတ်ဆန်တာကို သဘောကျသော်လည်း သူမ ကိုယ်တိုင်ဖြင့် ထိုသို့ နေတတ်လိမ့် မည် မဟုတ်ပါချေ။ အစောက ဤမျှ မပွင့်လင်း။

အကယ်၍ များ၊ ရဲကျော်ခေါင်က ခေတ်ဆန်သော ခေတ်ရှေ့ပြေး လူငယ်တစ်ယောက်ဆိုပါ မူ၊ အစောကို “မာမီ”လို့ ခေါ်မယ်ဆိုရင် အစောဘက်မှ မြန်မာဆန်ဆန် ခေါ်ပေးပါလို့ တောင်းပန် ရပါမည်။

“ဖြစ်နိုင်ရင် အမေလို့ ခေါ်ချင်ခေါ်ပါ မောင်ရဲကျော်ခေါင် မာမီဆိုတာကြီးကို နားမထောင် တတ်လို့...”

အစော သူ့ အသံ သူပြန်လန့်သွားသည်။

ရုတ်တရက် ပေါ်ထွက်လာသော အသံက စောယုနွယ် အသံနှင့်မတူ၊ အသက် ငါးဆယ် ခြောက်ဆယ် မိန်းမတစ်ယောက်၏ အသံမျိုး။ ဘယ့်နှယ် ဘယ်လိုအတွေးတွေနဲ့များ စိတ်ကူးယဉ် ကြည့်နေရပါလိမ့် အစောရယ်...။ သူများတွေ ကြားသွားမှဖြင့်...။

သူမ အိပ်ခန်းထဲမှာ ဘယ်သူမှ မရှိလို့ တော်ပါသေးရဲ့။ အစော ရှက်ရယ်ရယ်လိုက်ရင်း အသင့်ဖြစ်နေသော အဝတ်အစား အပုံများအား သေတ္တာထဲသို့ စီကာရီကာ ထည့်လိုက်ပါသည်။

သြော်... ရဲကျော်ခေါင် ဓာတ်ပုံလေးက ခေါင်းအုံးပေါ်မှာ ရှိနေသည်ကိုး။ သေတ္တာအဖုံး ပြန်ဖွင့်၍ ရဲကျော်ခေါင် ဓာတ်ပုံကို ဓာတ်ပုံထည့်သည့် အိတ်ကလေးထဲ ထည့်ထားလိုက်လေသည်။ မတော်တဆ ပျောက်ရှသွားမှာ စိုးပါသည်။ ဦးကျော်ခေါင် ပြန်တောင်းလျှင်တော့ ပြန်ပေးရမည် လေ။

ဘယ်လိုပဲဖြစ်ဖြစ် စောယုနွယ်ဟာ တစ်ချိန်ကလို လောကကြီးကို အားငယ်စိတ်နဲ့ကြည့်ပြီး ကြော်ရွံ့ စိုးရိမ်နေတတ်တဲ့ အထီးကျန် မိန်းမတစ်ယောက်အဖြစ်မှ လွတ်မြောက်ခွင့်ရခဲ့ပြီလေ။

နောက် နှစ်ရက်ဆိုလျှင် စောယုနွယ်မှာ ခင်ပွန်းနဲ့ သားနဲ့။

ကြည့်စမ်း... သည်လိုတော့လည်း စောယုနွယ် ဘဝက အလှသားပါလား။

*

## အခန်း(၅)

ဘဝကိုလှပစွာဖြတ်သန်းချင်သည့် စောယုနွယ် သူမ၏ လက်တွဲဖော် ဦးကျော်ခေါင်တို့၏ လက်ထပ်ပွဲမှာ မကြီးကျယ်သော်လည်း ဣန္ဒြေရှိရှိနှင့် တင့်တယ်စွာ ပြီးဆုံးခဲ့လေသည်။ မြို့လုံးကျွတ်နီးပါး မင်္ဂလာပွဲ တက်ရောက်လိုသော်လည်း ဦးကျော်ခေါင်က ကလေးကလားဆန် မည်စိုးသဖြင့် လူကြီးပိုင်းမိတဆွေများကိုသာ ဖိတ်ကြားဧည့်ခံခဲ့ပါသည်။ ထိုလူကြီးပိုင်းမိတ်ဆွေများ ထဲတွင် သူ့ကို စောယုနွယ်နှင့် မိတ်ဖွဲ့ပေးခဲ့သော ဦးသက်ဝင်းနှင့် ဦးမြင့်လှိုင်တို့ကို ရှေ့ဆုံးက ဖိတ်ကြားခဲ့ရပါသည်။ သို့သော် သူ၏

မင်္ဂလာပွဲသို့ သူ့သား ရဲကျော်ခေါင် ရောက်မလာခဲ့ပါ။

သူကိုယ်တိုင် သားဆီသို့ တယ်လီဖုန်းဆက်၍ လှမ်းခေါ်ခဲ့သေးသည်။ သည်တုန်းက ရဲကျော်ခေါင်က လိုလိုလားလား။

“လာခဲ့မယ် ဒက်ဒီ ဒက်ဒီ မင်္ဂလာပွဲမှာ သားရှိကိုရှိမှ ဖြစ်မယ်”

“စာမေးပွဲပြီးတာနဲ့ ပြန်လာကွာ၊ ဒက်ဒီ ကားလွှတ်ပေးရမလား…”

“ရတယ်၊ သား ဆိုင်ကယ်ဝယ်စီးနေတယ် ဆိုင်ကယ်နဲ့ ပြန်လာမှာ ဒက်ဒီရ၊ စာမေးပွဲက မနက်ဖြန်ပြီးမယ် ပြီးပြီးချင်း လာမှာ ဒက်ဒီ၊ သားက သတို့သားရံတောင် လုပ်ပေးချင်တာ”

“မမြောက်နဲ့သားရာ၊ ဒက်ဒီတို့က အသက်ကြီးပါပြီကွ”

သားထံ ဖုန်းဆက်ရင်း သူ့ကိုယ်သူ သတို့သာ ဝတ်စုံနှင့် မြင်မိလေ၏ ။ သူ့အရွယ်နဲ့ သတို့သားဝတ်စုံ မလိုက်တော့ပါဘူး။ စောယုနွယ် ကတော့ မင်းသမီးလေးလို လှနေဆဲမို့ သိပ် ထူးခြားသွားမှာ မဟုတ်၊ လှမြဲ လှဆဲသာရှိမည်။ သူသာ…။

မင်္ဂလာပွဲထွက်မည့် အစီအစဉ်ကို သူပယ်လိုက်ပြီး၊ သူ့ခြံဝန်းကျယ်ကြီးထဲမှာပဲ သင့်တင်လျှောက်ပတ်စွာ အသိအမှတ်ပြု ညှိ့ခံပွဲ လုပ်တော့မည့်အကြောင်း သားကို ပြောမပြ တော့ပါ။ သားပြန်လာမှ သိသွားစေချင်သည်။ မဟုတ်လျှင် သားက သူ့ကို ငယ်မူပြန်စေချင်ဦးမည်။

“ဒက်ဒီက ခန့်ပါသေးတယ်၊ သားကို ဒယ်ဒီ ပြောတော့ ဒေါ် စောယုနွယ်က လေးဆယ် မပြည့်သေးဘူးဆို၊ ဒါဆို သူက ပိုလှနေတော့မှာပဲ သား ဒက်ဒီထက် သူပိုလှနေရင် မြို့က လူတွေ က ဦးကျော်ခေါင် အိုပြီ ပြောမှာပေ့ါ။ ဒီလိုလုပ် ဒက်ဒီ ညှိ့ခံပွဲနေ့ကျရင် ဒက်ဒီနဲ့ လိုက်တဲ့ ပိုးတိုက်ပုံ နံ့သာရောင်လေးဝတ်၊ ပုဆိုးက သားနဲ့ဆင်တူ ဝယ်ထားတဲ့ နီညိုရောင် ပိုးကွက်လုံချည်ဝတ်၊ လက်မှာ

မြလက်စွပ်ဝတ်ဖို့ မမေ့နဲ့ဦးနော်... သား ပြန်လာမယ်၊ ဒါမှ ဒက်ဒီ ပိုချောမှာ”

မင်္ဂလာပွဲ မကျင်းပမီ နှစ်ရက်အလိုမှာ သူနှင့်သားတို့ စကားတွေအများကြီး ပြောခဲ့ကြသည်။ ထိုနေ့က သူ့သား ရဲကျော်ခေါင်သည် သူ့ထက်ပင် ပို၍ ပျော်နေဟန် မြင်မိ၏။ ဖုန်းထဲမှာ အားရပါးရ ညွှန်ကြားချက်တွေ ထုတ်နေသော သားသည် သူ့ဖခင် ဦးကျော်ခေါင်၏ မင်္ဂလာပွဲအား သူ့ အချစ်ဆုံး သူငယ်ချင်း မင်္ဂလာပွဲကဲ့သို့ ထင်မှတ်နေလေ၏။ ရဲကျော်ခေါင်က သူ ဝတ်ရမည့် အဝတ် အစားများကိုပင် ဖုန်းထဲမှ စီစဉ်ပေးလေ၏။ သား ဝတ်စေချင်သည့် ဝတ်စုံအား သူကလည်း နှစ်သက်ပါသည်။ ထို့ကြောင့်လည်း ဧည့်ခံသည့်ညနေက ထိုဝတ်စုံကိုပင် ဝတ်ဆင်ခဲ့လေသည်။ သား ဝတ်ခိုင်းသော မြလက်စွပ်မှာလည်း သူ အကြိုက်ဆုံး ပစ္စည်းမို့ သူ့ လက်သူကြွယ်၌ သေချာစွာ ဝတ်ဆင်ခဲ့ရပြန်ပါသည်။

ထိုအကြောင်းအရာများအား မင်္ဂလာပွဲ မကျင်းပမီ တစ်ရက်က စောယုနွယ်အား ပြန်ပြောပြ သာအခါ တအံ့တဩနှင့် သူနှင့်သူ့သားတို့၏ ချစ်ခြင်းမေတ္တာအား ဂုဏ်ယူမဆုံးခဲ့ချေ။

“ကိုကျော်ခေါင့်သားက အလိုက်သိလိုက်တာနော်၊ အစောဖြင့် နားရှိလို့သာ ကြားရတယ်၊ ဒီလောက် လိမ္မာမယ်ကို မထင်ဘူး၊ ဟိုလေ... မလိမ္မာဘူးလို့ ပြောတာမဟုတ်ဘူးနော်၊ ခေတ် ကလေးတွေ မဟုတ်လား၊ မထင်ရင် မထင်သလို နေတတ် ပြောတတ် ကြတာဆိုတော့...”

“ကျွန်တော့်သားက သိပ်ခေတ်မီတာ၊ ဒါကြောင့် ကျွန်တော် သူ့ကို အားကိုးတာ၊ သူက အမြဲ တက်တက်ကြွကြွ ပျော်ပျော်ရွှင်ရွှင်သမား၊ ဒီလိုနေတတ်အောင်လဲ ငယ်ငယ်လေးကတည်းက ကျွန်တော်လေ့ကျင့်ပေးခဲ့တယ် အစော၊ သား ပြန်လာရင် အစောပိုသိမှာပါ”

“အခုလို ကြားရတာ နဲ့တင် အစော သဘောပေါက်နိုင်ပါတယ်၊ မောင်ရဲကျော်ခေါင် ပြန်လာရင် အစောနဲ့ မိတ်ဆက်ပေးနော်... ကိုကျော်ခေါင်”

အစောကို လက်ထပ်ပြီး သူ့အိမ်သို့ ခေါ်လာသည့်နေ့က သားထံ သူ ဖုန်းဆက်သေး၏ ။ ထိုနေ့က သူ့ရဲ့ စောယုနွယ်သည် မင်္ဂလာဝတ်စုံ မဟုတ်သေးသော်လည်း ရင်ဖုံးအင်္ကျီ ပန်းနုရောင် မှာ တက်တင်းထိုးထားပြီး ဘာရိကိတ် ပန်းနုရောင် လုံချည်လေးကို ဝတ်ဆင်ထားလေ၏ ။ သူက တောင် အစောကိုကြည့်ပြီး စ နောက်မိခဲ့သေး၏ ။

"အစောပုံက နန်းတွင်းသူပုံပေါက်နေပြီ"ဟု ခေတ်ကို မမီမကမ်းရှိနေသေးသည့် အစော အား သူကပဲ ပြုပြင်ပေးရမည် ထင်ပါသည်။ အစောက ဘယ်မြို့သူမို့ သည်ပုံသည်နှယ် နေရပါ သလဲ၊ သူက ခေတ်မီမီ နေတတ်သူ။ သားကလည်း ခေတ်ရှေ့ပြေးလူငယ်၊ အစောကို ပုံစံ ပြောင်းပေးမှပဲ။

"အစောကို အစောအဘွားတွေ အမေတွေက ပုံသွင်းထားတာ ကိုကျော်ခေါင်ရဲ့ ဒီပုံစံကို ပေါက်ရော၊ အဝတ်အစားလဲ ပျော့ပျော့ပျောင်းပျောင်းပဲ ဝတ်ရတယ်၊ သွားရင် လာရင်လဲ ဖြည်းဖြည်းသက်သာပဲ၊ ဘယ်သွားသွား လာလာ ပွဲလမ်းသဘင်ရှိရင် ပန်းတစ်ပွင့်တော့ တောစံပယ် လေးပဲဖြစ်ဖြစ် ပန်ရတယ်၊ အခုတော့ ပန်းမပန်ဘဲ ဈေးတောင်မှ မသွားတတ်သလောက်ဖြစ်နေပြီ၊ ဆံပင်လဲ ညှပ်တာမကြိုက်ဘူး၊ ဆံမြိတ်တောင် ချဖို့မနည်းတောင်းပန်ခဲ့ရတာ ၊ လူတောလဲ သိပ်မတိုးခဲ့ပါဘူး ကိုကျော်ခေါင်ရယ်၊ အမေတို့ အဘွားတို့နဲ့ မြို့တကာ ရွာတကာလှည့်နေရတာ နဲ့၊ အသိတရာကို မကြွယ်နိုင်ခဲ့ဘူး၊ ပညာ ကောင်းကောင်း မသင်ခဲ့ရတာ လဲ ခဏခဏ မြို့ပြောင်းရလို့"

ဘယ်မြို့ ဘယ်ရွာကလဲ ဟု သူ မေးမည် ဟန်ပြင်တုန်းမှာပင် အစောက စီကာပတ်ကုံး "စောယုနွယ်ပုံပြင်"ကို တလေးတစားပြောပြလေသည်။

"မြို့တွေ ဘာလို့ ခဏခဏ ပြောင်းရတာ လဲ အစော"

သူ့အမေးကို အစောချက်ချင်း ပြန်မဖြေတတ်။ စဉ်းစားသလို ပြုပြီးမှ ဖြေခဲ့သည်။

"မသိပါဘူး၊ ဆယ့်နှစ်ပွဲဈေးသည်တွေဆိုလား ဘာဆိုလား၊ ပွဲတွေလမ်းတွေ ရှိတဲ့နေရာ ဈေးလိုက်ရောင်းတာလေ"

"သြော်... ဟုတ်တယ်... ဟုတ်တယ်"

ဆယ့်နှစ်ပွဲဈေးသည်မလေး စောယုနွယ်သည် ကြီးပြင်းလာသောအခါ၌ သူတို့မြို့မှ ဒေါ်မိမိ တူမအဖြစ် အသက်လေးဆယ်နားနီးမှ သူနှင့်လက်ထပ်ဖြစ်ခဲ့သည်လား။

ဦးကျော်ခေါင်ပင် အစောကို ကိုယ်ချင်းစာသွားရလေ၏ ။ သူ့ဇနီး စောယုနွယ်သည် ပျော်ရွှင် ခြင်းနှင့် လူ့လောကကို ဖြတ်သန်းခဲ့ရဟန် မတူပေ။ သူသည် အစောကို တတ်နိုင်သလောက် စောင့်ရှောက်ရပါမည်။ တတ်နိုင်သလောက်ပျော်ရွှင်စေရပါမည်။

ထို့အတွက်လည်း သူ့သား ရဲကျော်ခေါင်နှင့် သူ့ဇနီး စောယုနွယ်အား မိတ်ဆက်ပေးချိန်၌ အစောအား သားက "အန်တီ"ဟု ခေါ်စေချင်လေသည်။

သို့သော် အစောက သူ့ရဲ့လမ်းကြောင်းပေးမှုကို လက်သင့်မခံခဲ့။

"အန်တီလို့တော့ မခေါ်ပါစေနဲ့ ကိုကျော်ခေါင်ရယ်၊ အစောနားမထောင်တတ်ဘူး၊ မသကာ ဒေါ်လေးတို့ ဘာတို့၊ ဒါမှ မဟုတ် ကြီးကြီးတို့ ဘာတို့"

"ဟာ... တုံးပဲ့၊ ဘာအခေါ်ကြီးတွေလဲကွ"

ရယ်မောပြီး ဦးကျော်ခေါင် တားမြစ်လေသည်။ တုံးပဲ့ကွာ။

စောယုနွယ် တကယ်တမ်း ခေါ်စေချင်တာ ထိုနာမ်စားများ မဟုတ်ပါ။ သို့ပေမယ့် အန်တီ ထက်စာလျှင်တော့ နားဝင်ချိုစိမ့်လေမည် ထင်ရသဖြင့် ရဲကျော်ခေါင် ပြန်မရောက်ခင် နာမည် အတည်ပြုရေး ဆွေးနွေးရလေ၏ ။ ဦးကျော်ခေါင်က အန်တီဆိုတဲ့ အမည်နာမကို အစမ်းလေးမျှပင် အခေါ် မခံဝံ့သည့်

အစောအား ကျေနပ်စွာ ရယ်မောရင်း တစ်ခါထပ်လျှော့လိုက်ရ၏ ။

“ဒါဖြင့် ဒီလိုလုပ်၊ သားပြန်လာမှ သူ ကြိုက်သလို ခေါ်ပါစေ၊ ဟုတ်ပြီလား”

“ဟုတ်တယ်၊ အဲ့ဒါ အကောင်းဆုံးပဲ”

“အေးဗျ. . . သားကသာ အန်တီစောဆိုရင် ကျွန်တော်လဲ မတတ်နိုင်ဘူးနော်”

“အဲဒီ ကျတော့လဲ သားကို အန်တီစောမခေါ်ဖို့ တောင်းပန်ရမှာပေ့ါ”

“ဖြစ်မှဖြစ်ရလေ အစောရယ်၊ ဒီလိုခေါ်တော့ရော ဘာဖြစ်သလဲ၊ အစောမျက်နှာက မြို့သူ ပေါက်ပါတယ်”

“ဟင့်အင်း... နားဝင်စိမ့်လွန်းလို့၊ မြန်မာဆန်ဆန် ခေါ်တာပဲ ခံချင်တယ်”

“ကောင်းပြီ... ကောင်းပြီ၊ အစော သဘောပဲ”

နောက်တစ်နေ့မှာဖြင့် ရဲကျော်ခေါင်ထံမှ ဖုန်းဝင်လာသောအခါ စောယုနွယ်အား ရဲကျော်ခေါင်က “အန်တီ”မခေါ်ရေးသည် ပထမ အရေးကြီးနေရာသို့ ရောက်ရှိမသွားတော့ချေ။

“သားပြန်မလာဖြစ်ဘူး ဒက်ဒီ၊ မင်္ဂလာပွဲ မီမှာမဟုတ်ဘူး၊ ရန်ကုန်မှာ အရေးကြီး ကိစ္စ တစ်ခု ရှိနေလို့”

“ဘာအရေးကြီးလဲသား”ဟုပင် သူပြန်မမေးလိုက်ရဘဲ သားဘက်မှ ဖုန်းပြန်ချသွားတော့ သည်။ သူကသိကအောင့် ဖြစ်ပြီး ဖုန်းပြန်ခေါ်သေးသော်လည်း စာမေးပွဲ ရက်မှာ ကတည်းက သူငယ်ချင်းအိမ်ပြောင်းနေပြီး သားရဲကျော်ခေါင်စာမေးပွဲ ဖြေခဲ့သည်ကို ဖုန်းခေါ်မရမှ သတိရသွား ၏ ။

သား အချိန်မီ ပြန်မလာဖြစ်ဘူး အစောဟု သူ ပြောရမှာ အားနာလှသဖြင့် ဘာမှမပြော တော့ဘဲ မသိလိုက်မသိဘာသာနှင့် နောက်တစ်နေ့ကို

ဖြတ်ကျော်ခဲ့လေ၏။ စိတ်ထဲမှာမူ သူ့သားက စကားအမျိုးမျိုး ပြင်ပြောရသလားဟု ခံပြင်းရင်းသားက သူ့အပေါ်များ ငြိုငြင်သွားလို့များလား ဒါမှမဟုတ် သူနှင့် အစောကိစ္စကို သား ဘာများကြားမိလို့ စိတ်အနှောင့်အယှက်ဖြစ်ပြီး ပြန်မလာ သလဲ နှင့်အမျိုးမျိုး တွေးနေမိပြန်၏။ ဘာအဖြေမှဖြင့် မသဲကွဲချေ။

သူလိုလူက စကားကို အမျိုးမျိုး ပြင်ပြောတာ မကြိုက်၊ ကတိကိုလည်း ပေးခဲ့သည်။ ကတိ ပေးခဲ့လျှင်လည်း တည်သည်။ သူ့စိတ်ဓာတ်ဖြင့် သားကို ပြုစုပျိုးထောင်ခဲ့တာမို့ သားက ယခုလို စကားပြင်ပြောခဲ့တာကိုဖြင့် သူ စိတ်မကောင်းဖြစ်သည်။ စိတ်မကောင်းသော်လည်း ရဲကျော်ခေါင် ပြန်မလာတာသည် လက်တွေ့ကျနေပြီး သူ မျှော်လင့်ခဲ့တာသည် စိတ်ကူးယဉ်ဆန်ခဲ့ခြင်းသာ တတ်နိုင်ခဲ့သော ဦးကျော်ခေါင်သည် သူ့ဇနီး၏ မင်္ဂလာဦးအလှအား ဓာတ်ပုံဖြင့်သာ မှတ်တမ်း တင်ထားလိုက်ရ၏။ သား ပြန်လာလျှင်သာ စောယုနွယ်၏ ကန့်ကလျဆန်မှုများကို မြင်တွေ့စေရ တော့မည်ဖြစ်၏။ ထိုနေ့ရက်မှ စတင်ကာ ဦးကျော်ခေါင်မှာ အလုပ်ပိုလာ၏။ ထိုအလုပ်က သူ့သား ကိုမျှော်နေရသည့် အလုပ်။ သူ့သား ရဲကျော်ခေါင် ဘယ်ရက်ပြန်လာမှာပါလိမ့်ဟု တစ်မျှော်တည်း မျှော်နေသော ဦးကျော်ခေါင်သည် ရဲကျော်ခေါင် ပြန်လာသည့်နေ့မှာတော့ အပျော်ကြီး ပျော်နေလေ တော့၏။

သို့သော် ထိုပျော်ရွှင်မှုများမှာ ကာလ မကြာမီ၌ ပျက်သုဉ်းသွားရလိမ့်မည်ကို သူ သိခဲ့ပါမူ...။

*